

# ကလေးများအတွက် ဆိုက်ဘာလုံခြုံရေး

နယ်စပ်ရေးရာဝန်ကြီးဌာန၊e-Government ဌာနခွဲမှ
ဖြန့်ဝေပါသည်။

ref:cyberbaykin,internet,..etc.

## Hacking ဆိုတာဘာလဲ?



Hacking ဆိုတာဟာ နည်းပညာ အသိကို
အသုံးချပြီးတော့ ကွန်ပျူတာစနစ်ကို
ချိုးဖောက်ဝင်ရောက်ကာ တစ်ပါးသူရဲ့
အားနည်းချက်တွေကို အမြတ်ထုတ်ခြင်းပဲ ဖြစ်ပါတယ်။
Hacker ဟာ စနစ်(System) ကို ပိတ်ဆို့ခြင်း၊
ဒေတာအချက်အလက်များကို စုဆောင်း
ခြင်း(သို့) network တစ်ခုအတွင်းရှိ အခြား devices
များကို ဝင်ရောက်ခြင်းများပြုလုပ်နိုင်ပါတယ်။




**Malware attack**

'malicious software' ကို အတိုကောက်
ခေါ်ဆိုတာ ဖြစ်ပါတယ်။
တိုက်ခိုက်သူက သတင်းအချက်အလက်ခိုးယူဖို့၊
ခြေရာခံဖို့၊ထိန်းချုပ်ဖို့အတွက်
network ပေါ်မှ တစ်ဆင့်
ပေးပို့တာဖြစ်ပါတယ်။




**Phishing Attack**

အသုံးပြုသူရဲ့ ကိုယ်ရေး အချက်အလက်
တွေပေးဖို့ သို့မဟုတ် virus တွေကို
ဒေါင်းလုပ်လုပ်ဖို့ လိမ်လည် တိုက်တွန်း
ဆွဲဆောင်ခြင်းအားဖြင့်
အသုံးပြုသူရဲ့ သတင်းအချက်အလက်တွေကို
ခိုးယူခြင်းဖြစ်ပါတယ်။




**Password Attack**

အသုံးပြုသူရဲ့ သမရိုးကျ
လွယ်လွယ်ကူကူပေးထားတဲ့ (Password )ကို
ခန့်မှန်းဖြည့်စွက်ခြင်းအားဖြင့်
တိုက်ခိုက်ခြင်းမျိုး ဖြစ်ပါတယ်။

## ကလေးမိဘများအတွက်

## ဆိုက်ဘာလုံခြုံရေးအလေ့အကျင့်ကောင်းများ

သင့်ကလေးရဲ့ အွန်လိုင်းလှုပ်ရှားမှုတွေဖြစ်တဲ့

သူတို့ဖတ်နေတဲ့

အကြောင်းအရာတွေ ၊ကြည့်နေတာတွေ၊

သူတို့ရဲ့အွန်လိုင်းမိတ်ဆွေတွေ နဲ့ ပတ်သက်ပြီး

၄င်းတို့နဲ့ ပွင့်ပွင့်လင်းလင်း

ပြောဆို ဆွေးနွေးပါ။

သူတို့ကြီးလာတဲ့အထိ ဒီအတိုင်း လုပ်ဆောင်ပါ။



## ကလေးမိဘများအတွက်

## ဆိုက်ဘာလုံခြုံရေးအလေ့အကျင့်ကောင်းများ

Public အကောင့်တွေဆိုရင်

သူတို့ရဲ့ ပို့စ်တွေ၊story တွေနဲ့live လွှင့်တာတွေကို

ဘယ်သူမဆိုဝင်ကြည့်နိုင်ပါတယ်။

သင့်ကလေးအကောင့်ရဲ့

follower စာရင်းတွေကို

သင့်ကလေးနဲ့အတူ အမြဲစစ်ကြည့်ပြီး

သူတို့မသိတဲ့သူတွေကို block ဖို့အကြံပြုပါတယ်။



## ကလေးမိဘများအတွက်

## ဆိုက်ဘာလုံခြုံရေးအလေ့အကျင့်ကောင်းများ

သင့်ကလေး ကြိုက်နှစ်သက်တဲ့
အက်ပလီကေးရှင်း၊ဂိမ်း၊
ဝက်ဘ်ဆိုက်စာမျက်နှာတွေကို လေ့လာပါ။

သင့်ကလေးအား အွန်လိုင်းပေါ်မှာ ၄င်းတို့မသိတဲ့
လူစိမ်းတွေကို မယုံရန်နှင့်
ကိုယ်ရေးကိုယ်တာအချက်အလက်တွေဖြစ်တဲ့
နာမည်၊ကျောင်းနာမည်၊ဖုန်းနံပါတ်၊မွေးသက္ကရာဇ်၊
ဓာတ်ပုံ၊အိမ်လိပ်စာ၊လျှို့ဝှက်နံပါတ်တို့ကို မပေးရန်
မှာကြားပါ။



အကယ်၍ သင်ကလေးက social media
အသုံးပြုနိုင်တဲ့ အရွယ်ကို ရောက်နေပါက
အကောင့်ကို private အဆင့်သို့ပြောင်းဖို့ လမ်းညွှန်ပါ။
မဟုတ်ရင် သူတို့ရဲ့ အကောင့်ကို ဘယ်သူမဆို
အလွယ်တကူ ဝင်ကြည့်နိုင်ပြီး သူတို့တင်တဲ့ ဓာတ်ပုံ၊
story တွေနဲ့ တိုက်ရိုက် live လွှင့်တာတွေကို
ဝင်ကြည့်ရှုနိုင်ပါလိမ့်မယ်။